# ကိုယ်ဝန်ရှိစဉ် ပုဒ်မ ၄ အကူအညီကို လျှောက်ထားနည်း

အောက်တိုဘာ ၂၀၁၀

Applying for Section 4 support if you are pregnant - Burmese

ပုဒ်မ ၄ သည် သင်၏ ခိုလှုံမှုလျှောက်လွှာ အငြင်းပယ်ခံရပြီး၊ အယူခံမှုများသည် မအောင်မြင်ခဲ့ လျှင် ပြည်ထဲရေးဌာန၏ အချိန်တို အကူအညီဖြစ်သည်။ သင်သည် ယူကေမှ ချက်ချင်း ထွက်ခွါပေးခြင်း မပြုနိုင်ဖြစ်ပြီး မထွက်ခွါလျှင်လည်း အိုးအိမ်မဲ့လည်းဖြစ်နိုင်၊ အစားရေစာ ဝယ်စားစရာလည်း ငွေကြေးမရှိလျှင် (ဆိုလိုသည်မှာ သင်သည် အတိဒုက္ခရောက်နေသည်) သင်သည် ပုဒ်မ ၄ အရ အထောက်အကူကို ကိုယ်ဝန်ရှိနေ စဉ် လျှောက်ထားနိုင်ပေမည်။

သို့သော် ကိုယ်ဝန်ရှိခြင်းအချက်ပေါ်မှို၍ ပုဒ်မ ၄ အရ အထောက်အပံ့ ရရန်အလို့ငှာ သင်သည်အောက်ပါ စါရွက်စာတမ်းများ **အားလုံး** တင်ပြရန် ပြည်ထဲရေးရုံးမှ လိုအပ်သည်။ သင်သည် အောက်တွင် အကြမ်းမျဉ်း ဖေါ် ပြထားသည့် အချက်အလက်များ အားလုံးစုစည်းပြီး စကော့တစ်ရှ် ဒုက္ခသည်များ ကောင်စီသို့ ပြန်လာလျှင် ကျွန်ုပ်တို့ သည် သင်၏ ပုဒ်မ ၄ အတွက် ရက်ချိန်းယူပေးမည်။

**လိုအပ်သော စာရွက်စာတမ်းများတွင် အောက်ပါတို့ ပါဝင်သည်၊**

၁ ။ သင်၏ ဆရာဝန်(GP ခေါ် အထွေထွေ ဆာရာဝန်) **သို့ မဟုတ်** သားဖွားဆရာမှ ထံမှ သင်၏ ကိုယ်ဝန်သည် အနည်းဆုံး ၃၂ပတ် ရှိနေပြီဖြစ်ကြောင်း MATB1 စာရွက်စာတမ်း ။ အကယ်၍ သင်သည် သားဖွားဆရာမ နှင့် မတွေ့ ရသေးလျှင် ကျွန်ုပ်တို့ မှ စီစဉ် ချိန်းပေးမည်။

၂ ။ သင် ယူကေသို့ စရောက်သည့်အချိန်မှ စ၍ သင်နေခဲ့သည့် လိပ်စာ စာရင်း။ လိပ်စာ စာရင်းသည် ယခုလက်ရှိလိပ်စာမှ စ၍ နောက်ပြန် သွားပြီး ယူကေသို့ စရောက်စဉ် နေ ခဲ့သည့် ပထမဦးဆုံးလိပ်စာအထိ အချိန်နေ့ စွဲ အစီအစဉ် အတိုင်းရေးရမည်။ အတူနေထိုင်ခဲ့သူများ၏ အမည်များစာရင်းနှင့် တတ်နိုင်လျှင်၊ သူတို့ ထံမှ သူတို့ သည် ယခု အဘယ်ကြောင့် သင့်အား ဆက်လက် မထောက်ပံ့နိုင်တော့သည်ကို ရေးထားသည့် စာများယူလာပါ။ အထူးသဖြင့် သင်၏လျှောက်လွှာ မတင်မီ တနှစ်အတွင်းကာလသည် အထူးရေးကြီးသည်။ ထိုလိပ်စာများသို့ လိပ်စာတပ်ပို့ ထားသည်စာများကိုလည်း ပြနိုင်လျှင် သင်၏ ပုဒ်မ ၄ လျှောက်လွှာအား အထောက်အကူပြုမည်။

၃ ။ ယူကေသို့ စတင်ရောက်ကထဲက သင်အလုပ်လုပ်ကိုင်ခဲ့သည့်နေရာဌာနအားလုံး၏ နေရာများစာရင်း၊ ဝင်ငွေစလစ်များ ရှိခဲ့လျှင် သင်အလုပ်မှထွက်စဉ်ပေးသည့် ပီ၄၅ပုံစံများ။ သင်သည် ယူကေတွင် တရားမဝင် အလုပ်လုပ်ခဲ့သော် လောလောဆယ် အလုပ်မလုပ်တော့လျှ င် သင်၏ ပုဒ်မ ၄ အရလျှောက်ထားမှုကို ထိခိုက်မဟုတ်။

၄ ။ လွန်ခဲ့သည့် ၆လမှ အပါအဝင် ယူကေတွင် ရောက်ပြီးထဲက သင်၏ ဘဏ်စာရင်း အသေးစိတ်၊ **နှင့်**

၅ ။ သင်သည် သင့်ခလေး၏ ဖခင်နှင့် အဆက်အသွယ်ရှိသေးလျှင် သူ၏လိပ်စာများ သူ၏ အလုပ်အကြောင်းအသေးစိတ်၊ ဘဏ်ငွေစာရင်းများ၊ နှင့် သူသည် အဘယ်ကြောင့် သင်နှင့်ခလေးအား မထောက်ပံ့နိုင်သည်ဆိုသည့် ရေးသားထားသည့် စါ။

**သတိ အရေးကြီးသည်။** သင်တင်ပြသည့် စာများသည် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်ရမည်။ သို့ သော် စာရေးပေးမည့်သူသည် အင်္ဂလိပ်လို မရေးသားနိုင်လျှင် သင်သည် ကျွန်ုပ်တို့ နှင့် လာတွေ့ မည့် ရက်ချိန်းတွင် ယူဆောင်လာပါ။ ကျွန်ုပ်တို့ မှ သူ တို့ အား သင့်ထံစာရေးမှုတွင် ရန် ကူညီနိုင်ပါမည်။

သင်သည် အင်္ဂလိပ်လို မရေးသားနိုင်လျှင်၊ စာတွင် ဖေါ်ပြထားသည့် လိပ်စာ စာရင်းနှင့် အလုပ်နေရာများကို သင်၏ ဘာသာစကားဖြင့် ရေးနိုင်ပါသည်။